## မာတိကာ


၁။ စမ်းစမ်းနွဲ့ (သာယာဝတီ) ၏အမှာစာ ... ၉

၂။ ပါပါ့အတွက်အမှတ်တရစာစု ... ၁၅

၃။ ကိုယ်ရေးမှတ်တမ်း ... ၁၉

၄။ အမှတ်တရဓာတ်ပုံများ ... ၂၄

၅။ **အခန်း (၁)**
- ခွင့်ပန်ခြင်း ... ၄၇
- သူ့အကြောင်းပြောသော စာမျက်နှာများ ... ၅၈
- ဆရာကြီးဟံသာဝတီ ဦးဝင်းတင်၏အမှာစာ ... ၆၇
- သူဖြတ်သန်းခဲ့သော ခေတ်စနစ်များ ... ၇၁
- ဆရာဦးအုန်းလှိုင်၊ ဆရာဦးခင်မောင်ဌေး တို့နှင့် ဆွေးနွေးခန်း ... ၇၃
- ဗိုလ်ကြီးအုန်းကျော်မြင့်အမှု ... ၉၃
- ချတော့ဂျပ်ဆင် စောက်မြင်ကပ်ခံရတော့ကိုယု ... ၁၀၇
- မဂ်လာဒုံနယ်စား မောင်ကိုနီ ... ၁၁၁
- ဆိုရှယ်လစ်ခေတ် တရားစီရင်ရေးနှင့် ၈၈ နောက်ပိုင်းတရားစီရင်ရေး ... ၁၁၅
- တရားသူကြီးတွေ သတ္တိရှိဖို့လိုတယ် ... ၁၂၅
- တရားဥပဒေစိုးမိုးရေး ... ၁၃၁

၆။ **အခန်း (၂)**
- နောင်တော်ကြီး ဆရာဦးသိန်းလွင် (အင်္ဂလိပ်စာ) နှင့်တွေ့ဆုံခြင်း ... ၁၄၇
- အနိုင်မကျင့်တတ်တဲ့စိတ်ဓါတ် ... ၁၅၁
- ဆရာလယ်တွင်းသားစောချစ်၏အမှာစာ ... ၁၅၃
- ကူညီချင်တဲ့စိတ်ဓါတ် ... ၁၅၅
- ထူးခြားတဲ့အမှုတချို့ ... ၁၅၇
- သူ့ကျင့်ဝတ် ... ၁၆၁
- သူလက်စသပ်ချင်ခဲ့တဲ့စာအုပ် ... ၁၆၄
- သူ့ရဲ့နိုင်ငံသားပီသမှု ... ၁၆၅
- ၂၀၀၈ ဖွဲ့စည်းပုံနှင့် သူ့လုပ်ငန်းစဉ်များ ... ၁၆၉

၇။ **အခန်း (၃)**
- ဆရာဦးခင်မောင်ဌေး (Laural Law Firm) နှင့်တွေ့ဆုံဆွေးနွေးခြင်း ... ၁၉၉
- ဦးကိုနီဆိုတာ ဘာကောင်လဲကွ ... ၂၁၀
- ဆိုရှယ်လစ်ခေတ်နိဂုံးနှင့် တရားဥပဒေ ... ၂၂၅
- Laural Law Firm တည်ထောင်ပြီ ... ၂၃၃

၈။ **အခန်း (၄)**
- ကိုဇော်ဇော်အောင်နှင့် တွေ့ဆုံမေးမြန်းခြင်း ... ၂၄၃
- ဆရာတပည့်ဆက်ဆံရေး ... ၂၅၀
- သူ့ရဲ့ဥပဒေအမြင် ... ၂၅၆
- အမှုသည်များအပေါ် သူ့စိတ်ထား ... ၂၆၃
- သူဖြစ်စေချင်တဲ့ တစ်လမ်းသွားစိတ် ... ၂၆၉
- ရှေ့နေချုပ်ရုံးမှ ထူးခြားသောစာရွက်လေး ... ၂၈၀
- ရှေ့နေတစ်ယောက် ထားရှိအပ်သည့်စိတ်ထား ... ၂၈၂
- သူ့ရဲ့ဖြတ်ထိုးဉာဏ် ... ၂၈၇
- NLD ပါတီနှင့် အမှတ်တရ ... ၃၀၂
- သူ့ရဲ့နိုင်ငံရေး ... ၃၀၈
- စကားဝိုင်းဆွေးနွေးချက် ... ၃၁၂
- ကိုမြင့်ထွန်းပြောပြသည့် ဆရာဦးကိုနီ ... ၃၁၆
- ခွင့်ပန်ခြင်း ... ၃၁၉

၉။ **အခန်း (၅)**
- ကိုစန်းနိုင်ပြောပြသည့် သူ့ဆရာဦးကိုနီ ... ၃၂၃
- ဆရာဦးကိုနီနှင့်ကျွန်တော် ... ၃၂၃
- ကျွန်တော့်အကြောင်း တစေ့တစောင်းနှင့် ဆရာနှင့်စတင်တွေ့ဆုံခြင်း ... ၃၂၄
- ကျွန်တော်၏ ပညာရေးနှင့်ပတ်သက်၍ ပံ့ပိုးကူညီပေးခြင်း ... ၃၂၆
- ဆရာ့အကူအညီဖြင့် G.T.I တက်ခွင့်ရခြင်း ... ၃၂၈
- ဆရာနှင့်ကျွန်တော့်ကြားက ဆေးလိပ်ပြဿနာ ... ၃၃၀
- ဘာသာတရားတိုင်းအပေါ် လေးစားတတ်သူ ... ၃၃၃
- အလှူအတန်းလုပ်ရတာ ဝါသနာပါသူ ... ၃၃၅
- မေတ္တာတရားအပေါ် ယုံကြည်ခြင်း ... ၃၃၆
- တာဝန်ယူမှု၊ တာဝန်ခံမှုရှိခြင်း ... ၃၃၈
- မောင်မောင်ဝေ၏မေးခွန်း ... ၃၃၉
- အထောင်ရဲ့အကြောင်း ... ၃၄၇
- ဘဝဖြတ်သန်းမှု ... ၃၅၉
- စာသင်ရတာ ဝါသနာပါသူ ... ၃၆၁
- ဆရာ့မျက်ရည် ... ၃၆၂
- စာစရေးခြင်း ... ၃၆၈
- မဲမသမာမှုများ ဟန့်တားရေးကြိုးပမ်းချက် ... ၃၇၃
- NLD အောင်နိုင်ရေးနဲ့ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံပြင်ဆင်ရေး ခရီးသွားခြင်းကိစ္စ ... ၃၈၂
- ဟောပြောခွင့်မရခဲ့တဲ့ စာပေဟောပြောပွဲ ... ၃၈၇
- ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲအလွန် ... ၃၉၂
- (၂၉-၁-၂၀၁၇) (တနင်္ဂနွေနေ့) ညနေ (၅း၁၀) နာရီ ... ၃၉၃

၁၀။ စာရေးသူ၏ကိုယ်ရေးအကျဉ်း ... ၄၀၃


### နိဒါန်း

သမိုင်းဆိုသည်မှာ Evolution of Man ဟု ဆိုကြသည်။ အဆိုပါသမိုင်း (History) သည် အလွန်ကျယ်ပြန့်သော ဘာသာရပ်(Subject) တစ်ခုဖြစ်သည်။ နိုင်ငံရေးသမိုင်း၊ စီးပွားရေးသမိုင်း၊ လူမှုရေးသမိုင်း၊ ဘာသာရေးသမိုင်း စသည်ဖြင့် ရှုထောင့်စုံ ရှိသည်။ ယနေ့ သတင်း၊ မနက်ဖြန် သမိုင်းဟု ဆိုကြပြန်သည်။ လူ့သက်တမ်းတစ်ခုကျော်လျှင် သမိုင်းအစစ် ဖြစ်တော့သည်။

သမိုင်းကိုလေ့လာရာတွင် ကျောက်ဖြစ်ရုပ်ကြွင်းပညာ နိဓါတကဗေဒ (Palaeontology) ကို အရင်ဆုံး လေ့လာရသည်။ ပြီးမှ (Culture) ကို လေ့လာရသည်။ ဤတွင် ရိုးရာဓလေ့၊ ထုံးစံများ၊ နတ်စသော ကိုးကွယ်မှုများ၊ Dos and Don'ts များ ပါဝင်သည်။ ထို့နောက် လူ၏ civilizaton ကို လေ့လာရသည်။ ဤတွင် epigraphy ပါဝင်လာသည်။ လူ၏စာရေးမှုအတတ်ပညာကို လေ့လာခြင်း ဖြစ်သည်။ မည်သည့်အချိန်၌ စာစရေးသနည်း။ မည်သည့် အကြောင်းအရာကို ရေးသနည်း။ ကျောက်စာ၊ မင်စာ၊ အုပ်ခွက်စာ စသည်ဖြင့် သမိုင်းတန်ဖိုးကို အကဲဖြတ်ခြင်း ဖြစ်သည်။ ဥပမာ- ကျန်စစ်သားမင်းကြီး နာမကျန်းဖြစ်စဉ်



ရာဇကုမာရ်မင်းသား ဆင်းတုတော်လှူကြောင်း ရေးထိုးခဲ့သည့် ရာဇကုမာရ် ကျောက်စာနှင့် မနူဟာမင်းအကြောင်း ရေးထားသည့် နာဂသမန်း၏ ကျောက်စာသည် သမိုင်းတန်ဖိုးချင်း မတူနိုင်ပေ။ ရာဇကုမာရ်သည် ကျန်စစ်သား၏ သားဖြစ်သည်။ နာဂသမန်းသည် မနူဟာမင်း၏ မြေးဖြစ်သည်။ ရာဇကုမာရ်သည် မျက်မြင်ကိုယ်တွေ့ကို ရေးမှတ်ထားခြင်း ဖြစ်သည်။ နာဂသမန်းသည် သူ့အဖိုးအကြောင်းကို တစ်ဆင့်စကားကြား၍ ရေးမှတ်ထားခြင်း ဖြစ်နိုင်သည်။ အဖိုးကို မီလျှင်ပင် ကောင်းစွာမှတ်မိချင်မှ မှတ်မိမည် ဖြစ်သည်။ ဆိုလိုသည်မှာ ကျောက်စာသည် အဖြစ်အပျက်နှင့် ခေတ်ပြိုင် ရေးထိုးထားမှ သံသယကင်းစွာ လက်ခံနိုင်မည် ဖြစ်သည်။

ဤကျမ်းတွင် ပုဂံမတိုင်မီက အဖြစ်အပျက်များကို လေ့လာထားခြင်း ဖြစ်သည်။ ပုဂံသမိုင်းကိုပြောလျှင် ဓားလှံထမ်းပြီး ပြောရမည်ဟု ပြောကြသည်။ အသို့ဆိုလျှင် သထုံသမိုင်းကို ဘာကိုထမ်း၍ ပြောရမည်နည်း။ ဓားလှံမျှဖြင့် အလုပ်ဖြစ်မည် မထင်ပေ။ သုဝဏ္ဏဘူမိခေတ် နေဝင်ချိန်မှာ ပုဂံလမင်းသာခဲ့ကြောင်း လူတိုင်းသိကြသည်။ သို့သော် သုဝဏ္ဏဘူမိ၏ ခြေရာကိုရှာရင်း နေခင်းကြောင်တောင်၌ လမ်းပျောက်ခဲ့ရသည့် သမိုင်းဆရာများ အရေအတွက် မနည်းတော့ပေ။

အထက်တွင် ဆိုခဲ့သည့်အတိုင်း သမိုင်းဆိုသည်မှာ ရှုထောင့်စုံရှိပါသည်။ နိုင်ငံရေး၊ ပထဝီဝင်၊ စီးပွားရေးစသော ရှုထောင့်များမှ မျက်စိလည်နိုင်သော လမ်းကြောင်းများ ဖြစ်ကြသည်။ ပုဂံမတိုင်မီက Historical sites များကို တူးဖော်လျှင် ကျောက်စာများကို များများစားစား မတွေ့ရဘဲ ရှေးဟောင်းပစ္စည်းများကိုသာ တွေ့ရသည်။

ကျောက်စာများရော ရှေးဟောင်းပစ္စည်းများပါ သာသနာရေးနှင့် သက်ဆိုင်သော အထောက်အထားများသာ ဖြစ်ကြသည်။ ထို့ကြောင့် သုဝဏ္ဏဘူမိခေတ် သာသနာကို ခြေရာကောက်လျှင် လမ်းပျောက်မည်မဟုတ်ဟု ယူဆပါသည်။ ပို၍သေချာအောင် သာသနာကို ထေရဝါဒဗုဒ္ဓသာသနာဟု ကန့်သတ်လိုက်ခြင်းဖြင့် ရာဇမတ်ကာထားသော မင်းလမ်းမကဲ့သို့ ဖြောင့်ဖြူးနိုင်မည် ဖြစ်သည်။

ဤကျမ်းကို ပြုစုရာ၌ ဖွဲ့ကောင်းရမည်။ စာကြည့်တိုက်များကို အခေါက်ပေါင်းများစွာ သွားရခြင်း၊ ပညာရှင်များနှင့် အခါပေါင်းများစွာ